# အပြည်ပြည်ဆိုင်ရာတရားရုံး၏ ဆုံးရှားသောဆုံးဖြတ်ချက်သည် တာဝန်ယူမှုကင်းမဲ့ပြီး တရားမျှတမှုအတွက် မလိုအပ်သည့် နှောင့်နှေးမှုများ ဖြစ်ပေါ်စေသည်။

နေ့စွဲ ။ ။ ၂၁၊ ဖေဖော်ဝါရီလ၊ ၂၀၂၂။

အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံအား ဂမ်ဘီယာနိုင်ငံမှ စွဲချက်တင်ထားသည့် အမှုအခင်းနှင့် ပက်သက်၍ ကြားနာစစ်ဆေးမှုများသည် စိုးရိမ်ဖွယ်ဖြစ်ပြီး တရားမျှတမှုအတွက် မလိုအပ်သော နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်စေကာ မြန်မာနိုင်ငံ၏ အခြေအနေကို ပိုမိုဆိုးရွားလာစေနိုင်သည်ဟု မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီမှ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ဂျီနိုဆိုက်ကွန်ဗင်းရှင်းအား ချိုးဖောက်လျက်ရှိသည်ဟူသော စွပ်စွဲချက်ဖြင့် ဂမ်ဘီယာနိုင်ငံ၏ တရားစွဲဆိုချက်အတွက် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ယနေ့မှစ၍ ကြားနာစစ်ဆေးမှုများအား ပြုလုပ်လျက်ရှိသည်။ စစ်ကောင်စီမှာ တရားဝင် ဒီမိုကရေစီနည်းလမ်းအရ အသိအမှတ်ပြုခံရခြင်း မရှိသည့်အပြင် မြန်မာနိုင်ငံ၏ ပြည်သူလူထု သို့မဟုတ် နိုင်ငံအတွင်းရှိ နယ်မြေများအပေါ် ထိရောက်သည့် ထိန်းချုပ်နိုင်စွမ်းမရှိသော်လည်း တရားရုံးရှေ့မှောက်တွင် မြန်မာနိုင်ငံအတွက် တရားမဝင်စစ်ကောင်စီမှ ကိုယ်စားပြုလျက်ရှိသည်။ ကုလသမဂ္ဂ၏ အခြားမည်သည့်အဖွဲ့အစည်းမှ စစ်ကောင်စီအနေနှင့် မြန်မာနိုင်ငံ ကိုယ်စားပြုနေခြင်းအပေါ် လက်ခံအသိအမှတ်ပြုထားခြင်း မရှိပါ။

**“အပြည်ပြည်ဆိုင်ရာတရားရုံးအနေနဲ့ စစ်ကောင်စီက ကိုယ်စားပြုနေတဲ့ ဒီကြားနာမှုတွေကို ဆက်လက်လုပ်ဆောင်နေတာဟာ အလွန်ဆိုးရွားပြီး လက်ခံနိုင်ဖွယ်မရှိဘူး။ စစ်ကောင်စီက မြန်မာနိုင်ငံရဲ့ အစိုးရ မဟုတ်ဘူး။ သူတို့က မြန်မာနိုင်ငံကို ကိုယ်စားမပြုဘူး။ ဒါကြောင့်တရားရုံးအနေနဲ့ ဒီလိုကိုယ်စားပြုတာကို လက်ခံတာက အန္တရာယ်ရှိတယ်။”** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးအဖွဲ့မှ Chris Sidoti က ပြောကြားခဲ့သည်။ ဆက်လက်၍ ၎င်းမှ **“စစ်ကောင်စီရဲ့ ခေါင်းဆောင်တွေဟာ ဒီအမှုအခင်းရဲ့ အဓိကအချက်ဖြစ်တဲ့ မျိုးနွယ်စုတစ်ခုကို အမြစ်ပြုတ်စေတဲ့ လုပ်ရပ်တွေကို ရိုဟင်ဂျာတွေအပေါ် ကျူးလွန်ခဲ့ပြီး မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပျက်နေတဲ့ အကြမ်းဖက်မှုတွေနဲ့ ဝမ်းနည်းစရာကောင်းတဲ့ အဖြစ်အပျက်တွေကို ဖြစ်ပွားစေခဲ့တဲ့သူတွေလည်း ဖြစ်တယ်။ သူတို့တွေက သူတို့ကိုယ်သူတို့ မြန်မာနိုင်ငံရဲ့ခေါင်းဆောင်တွေအဖြစ် လုံးဝသတ်မှတ်ထားပြီး နိုင်ငံတကာရဲ့ အသိအမှတ်ပြုမှုရဖို့ကိုလည်း လုပ်ဆောင်နေကြတယ်။ တကယ်လို့ သူတို့အောင်မြင်ခဲ့ရင်တော့ မြန်မာနိုင်ငံကပြည်သူအားလုံးနဲ့ ရိုဟင်ဂျာတွေအတွက် တကယ်လိုအပ်နေတဲ့ တရားမျှတမှုရရှိဖို့ အခွင့်အလမ်းတွေက အင်မတန်နည်းပါးသွားလိမ့်မယ်။”** ဟု ပြောကြားခဲ့ပါသည်။

ကြားနာမှုများသည် မြန်မာနိုင်ငံမှ ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် လုပ်ဆောင်ခဲ့သည့် ကနဦး ကန့်ကွက်ချက်များအတွက် ဖြစ်သည်။ ကနဦးကန့်ကွက်ချက်များဆိုသည်မှာ တရားရုံးမှ အမှုအား လက်ခံနိုင်ခြင်း ရှိ၊ မရှိကို စီရင်ချက်မချီ စီရင်ဆုံးဖြတ်ရမည့် ကျင့်ထုံးဆိုင်ရာ ကိစ္စရပ်များဖြစ်သည်။ ရွေးကောက်ခံအမတ်များနှင့် ခန့်အပ်ဖွဲ့စည်းထားသည့် နိုင်ငံ၏ တရားဝင်အစိုးရဖြစ်သော မြန်မာနိုင်ငံအမျိုးသားညီညွတ်ရေးအစိုးရမှ ၎င်းတို့သည် ဤအမှုအခင်းတွင် မြန်မာနိုင်ငံအတွက် သင့်လျော်သည့် ကိုယ်စားလှယ် ဖြစ်သည်ဟု တရားရုံးသို့ ဆက်သွယ်ပြောကြားခဲ့သည်။ ၎င်းတို့အနေဖြင့် ကနဦး ကန့်ကွက်ချက်အားလုံးကို ရုတ်သိမ်းကြောင်းကိုလည်း မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးအစိုးရမှ တရားရုံးသို့ တရားဝင်အကြောင်းကြားခဲ့သည်။

**"မြန်မာနိုင်ငံအတွက် စစ်ကောင်စီကကိုယ်စားပြုတဲ့ ဒီကြားနာစစ်ဆေးမှုတွေဟာ ဂုဏ်သိက္ခာမဲ့တဲ့ လုပ်ရပ်ဖြစ်တယ်။"** ဆက်လက်၍ **"စစ်ကောင်စီကကိုယ်စားပြုခြင်းဟာ ဒီအမှုမှာ မလိုအပ်တဲ့ နှောင့်နှေးကြန့်ကြာမှုတွေ ဖြစ်တယ်။ အမျိုးသားညီညွတ်ရေး အစိုးရဟာ တရားရုံးမှာ မြန်မာနိုင်ငံကိုယ်စားပြုဖို့ အာဏာရှိတဲ့ တစ်ခုတည်းသော အဖွဲ့ဖြစ်ပြီးတော့ သူတို့က ကနဦးကန့်ကွက်ချက်တွေကို ရုတ်သိမ်းပြီးဖြစ်တယ်။ အဲ့ဒီကန့်ကွက်ချက်တွေက ဒီတရားခွင်အတွက် အဓိကဖြစ်ပြီး တရားသူကြီးတွေအနေနဲ့ လပေါင်းများစွာ ဆွေးနွေးဖို့ လိုအပ်လိမ့်မယ်။ အဲ့ဒီအစား တရားရုံးနေနဲ့ အမျိုးသားညီညွတ်ရေး အစိုးရရဲ့ အာဏာကို အသိအမှတ်ပြုပြီး ငြင်းဆိုချက် တွေကို တရားဝင်ပယ်ဖျက်ပြီးတော့ အမှန်တကယ် အမှုအခင်းဆိုင်ရာ ကိစ္စဖြစ်တဲ့ ရိုဟင်ဂျာတွေအပေါ် မျိုးနွယ်စုပြုတ်အောင် လုပ်ဆောင်ချက်တွေကို ဖြေရှင်းဖို့အတွက် လျှင်လျှင်မြန်မြန် ပြုလုပ်ရမယ်။"** ဟု မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီမှ Yanghee Lee က ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ တရားရုံးအနေဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ တရားဝင်အသိအမှတ်ပြုခြင်းဆိုင်ရာ မေးခွန်းများနှင့် ပတ်သက်၍ ကုလသမဂ္ဂအထွေထွေညီလာခံမှ လက်ခံအတည်ပြုထားသည့် သဘောထားကို ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ လွန်ခဲ့သောနှစ်တွင် စစ်ကောင်စီအနေဖြင့် အသိအမှတ်ပြုမှုရရှိရန် ကြိုးပမ်းမှုကို ကုလသမဂ္ဂအထွေထွေညီလာခံမှ ငြင်းဆန်ခဲ့သည်။ ကုလသမဂ္ဂအထွေထွေညီလာခံမှ မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်ဖြစ်သော သံအမတ်ကြီး ဦးကျော်မိုးထွန်းအား ဆက်လက်အသိအမှတ်ပြုခဲ့ပြီး ၎င်းအား အပြည်ပြည်ဆိုင်ရာတရားရုံးရှေ့မှောက်တွင် ကိုယ်စားပြုသူအဖြစ် အမျိုးသားညီညွတ်ရေးအစိုးရမှ ခန့်အပ်ထားသည်။

**"အထွေထွေညီလာခံမှာ မြန်မာကိုယ်စားလှယ်ကို ငြင်းပြီး စစ်အာဏာရှင်ကို အသိအမှတ်ပြုတယ်ဆိုတာ ICJ အနေနဲ့ သူရဲ့ တရားစီရင်ပိုင်ခွင့်ထက် ကျော်လွန်ပြီး နိုင်ငံရေးနဲ့ နွယ်လာတယ်။ ဒါဟာ ကုလသမဂ္ဂရဲ့ အကြီးမားဆုံး အားနည်းချက်တစ်ခု ဖြစ်တယ်။"** ဆက်လက်၍ **"ဒီဆုံးဖြတ်ချက်ဟာ ရိုဟင်ဂျာအပါအဝင် မြန်မာပြည်သူတွေကို လုံးဝ မထီမဲ့မြင်ပြုခြင်း ဖြစ်တယ်။ စစ်ကောင်စီအနေနဲ့ မြန်မာနိုင်ငံကို အာဏာသိမ်းဖို့နဲ့ သူတို့ကိုယ်ကို တရားမျှတမှုကနေ အကာကွယ်ယူဖို့ ကြိုးပမ်းတဲ့နေရာမှာ တရားရုံးက ဝင်ပြီး ပတ်သက်နေတယ်"** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး ကောင်စီမှ Marzuki Darusman က ပြောသည်။